# တိုင်းရင်းသားလူမျိုးများ၏
# အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ

# ဥပဒေကိုန်ဒေါမ်ထိင်ခြဲပိုန်ဘုံပ်ဘူိန်
# ခြိူဝကွံန်တီုင်ကုင်ဂဲ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)

(ယည်–၈၊ဥပဒေလွံတ်ဒေါကုင်ကိုရ်ပိုမ်၊ဆန့်မ် ၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

ခုဆန့်မ် ၁၃၇၆၊ ကျံရ်ဖိုန် ဆင်ီကျံရ်လေ; ၇

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

(ခုဆန့်မ် ၂၀၁၅၊ ကျံရ်ဗဲဘြုဝါရီ ဆင်ီ ၂၄)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ခါန် ( ၁ ) | ၁ |
| | နီုဝ် ဂါရ် ဂြည်လေ;အိုမ်ငဲ | |
| ၂။ | ခါန်( ၂ ) | ၃ |
| | ပုန်ကုိ်ရ်ယေင် | |
| ၃ ။ | ခါန်( ၃ ) | ၄ |
| | ပိုန်ဘိုပ်ဘူိန် ဂါရ် ပိုန်လိုဘူိန် ခြိုူဝ်ကွံန်တီုင်ကုင်ဂဲ | |
| ၄ ။ | ခါန်( ၄ ) | ၇ |
| | တုပြိုူဝ်; ဌာနတီုင်ကိုင် ဂါရ် အာပ်ဒဲ; | |
| | ပဲန်တီုင်ကိုင်ကုင်ကုိ်ရ်ပိုမ် | |
| ၅ ။ | ခါန်( ၅ ) | ၉ |
| | နှဲ ဂါရ် ပိုန်ဘူိန်ရှိရ်ဂဲ တီုင်ကိုင်ဌာန | |
| ၆။ | ခါန်( ၆ ) | ၁၃ |
| | လူမလာထိုင်ခြဲ ပိုန်ဘိုပ်ဘူိန် ခြိုူဝ်ကွံန်တီုင်ကုင်ဂဲ | |
| ၇။ | ခါန်( ၇ ) | ၁၇ |
| | ပိုန်ဒံန်ပိုန်ခြဲဂဲ | |
| ၈။ | ခါန်(၈) | ၁၇ |
| | တာမ်လူတ်ဂ | |
| ၉။ | ခါန်(၉) | ၁၈ |
| | ကဏ္ဍာတွံန်နဲ | |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂)<br>ရည်ရွယ်ချက်များ | ၃ |
| ၃။ | အခန်း(၃)<br>တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်<br>ရပိုင်ခွင့်များ | ၄ |
| ၄။ | အခန်း(၄)<br>ဝန်ကြီးဌာနဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီး<br>ခန့်အပ်ခြင်း | ၇ |
| ၅။ | အခန်း(၅)<br>ဝန်ကြီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၉ |
| ၆။ | အခန်း(၆)<br>တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး<br>ကာကွယ်စောင့်ရှောက်ခြင်း | ၁၃ |
| ၇။ | အခန်း(၇)<br>တားမြစ်ချက်များ | ၁၇ |
| ၈။ | အခန်း(၈)<br>ပြစ်ဒဏ်များ | ၁၇ |
| ၉။ | အခန်း(၉)<br>အထွေထွေ | ၁၈ |

# ဥပဒေကၟိန်ဒေါမ်ထိင်ခြဒး‌ပ္ဍဲ်ဘဴပ်ဘကူ
# ခြိုဝကွံန်တိုင်ကုင်ဂှ်

(ယည်–၈၊ဥပဒေ လ္ပံတ်ဒေါကုင်ကၟိန်ရိပိုမ်၊ဆနှ်မ် ၂၀၁၅)

ခုဆနှ်မ် ၁၃၇၆၊ ကျံရ်ဖိုန် ဆင်ီကျံရ်လေဝ် ၇

(ခုဆနှ်မ် ၂၀၁၅၊ ကျံရ်ဖဲဘြုဝါရီ ဆင်ီ ၂၄)

လ္ပံတ်ဒေါကုင်ကၟိန်ရိပိုမ်ပ္ဍဲလေဝ် ဥပဒေအိုဝ။

## ခါန် (၁)
## ဗီုဝဂါရ် ဂြည်လေဝ်အိုမ်ငဲ

၁။ ဘဴပ်ဒါ; ဥပဒေအိုဝ်ဗိုဝ် **ဥပဒေ ကၟိန်ဒေါမ် ထိင်ခြဲဒဲ; ပ္ဍဲ်ဘဴပ် ဘကူ ခြိုဝကွံန်တိုင်ကုင်ဂှ်။**

၂။ ဒဲ;အိုမ်ငဲရောတ် ရှ်ုည်ဂြည်လေ; ခြိုင်ငဲ ယိုဝအူန် တ ဥပဒေ ရခြုမ်အိုဝ–

(က) ငဲဒါ; **ခြိုဝ်ကွံန်တိုင်ကုင်** ဒိန် မူိဝ်; ခြိုဝ်ဂှ် ပ္လဒါ;ညို; ကုင်ကၟိန်ရိပိုမ်မျံမ်မာအိုဝ်မူိဝ်; တိုင်ကုင် ဒေ၊ ဂွည်တဲတဲ ဝါဝါ ညို;။ နှ်ခြိုဝ်ငဲဒိန် ကာပါစိဂှ် ပ္ဍဲ်ညာဒဲ;ဂှ်ပဲန် ကွံန်ကုင် ကွံန်ရူဂါရ် ကွံန်ခဲ, ကုင်ခဲ,ရူ။

## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး
## ကာကွယ်စောင့်ရှောက်သည့် ဥပဒေ
## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)
## ၁၃၇၆ ခုနှစ် တပေါင်းလဆန်း ၇ ရက်
## (၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းရင်းသားလူမျိုးများ** ဆိုသည်မှာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ် နေထိုင်ခဲ့ကြသော လူမျိုးများကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသား ပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများ မပါဝင်။

(ခ) ငဲဒါ; **ဌာနတီုင်ကိင်** ဒီန် မိူဝ;ဓောမ်ဥပဒေ တုပြိူဝ; အစိုယဘြောင်ဆာင်ကုင်ကို်ရ်ပိုမ် ဌာန တိုင်ကိင် ခြိူဝ ကွံန်တိုင်ကုင်ဂဲ။

(ဂ) ငဲဒါ; **တီုင်ကိင်ကုင်ကို်ရ်ပိုမ်** ဒီန်၊ ဓောမ်ဥပဒေ တိုင် ရျံုရ်;တုပြိူဝ်; မိူဝ;ပ်ုန်တုပြိူဝ်; သမ္မတ ရဖြောမ်ရာ; ဒါ;ရူမ် လွံတ်ဒေါကုင်ကို်ရ်ပိုမ် အာပ်ဒဲ;နှဲ တိုင်ကိင် ကုင်ကို်ရ်ပိုမ် ဌာနတိုင် ကိင်ခြိူဝကွံန်တိုင်ကုင်ဂဲ။

(ဃ) ငဲဒါ; **ဌာနတီုင်ကိင်ဒေသအိူင်ဒါင်** ကို်န်ကာမိူဝ်; **ဌာနတီုင်ကိင်ကပီုန်ကုင်** ဒီန်၊ ဓောမ် ဥပဒေ တိုင်ရျံုရ်; တုပြိူဝ်;မိူဝ;ပ်ုန်တုပြိူဝ; သမ္မတ ရဖြောမ် ရာ; ဒါ;ရူမ် လွံတ်ဒေါဒေသအိူင်ဒါင် ကို်န်ကာမိူဝ; လွံတ်ဒေါကပိုန် ကုင် အဆေအ်ုန် အဆေဒီန် မောဘိူန်ရူရ်ညာကိစ္စလောင် ခြိူဝကွံန် တိုင်ကုင်ဂဲ အာပ်ဒဲ;နှဲ ပဲန်ဌာနတိုင်ကိင်။

(င) ငဲဒါ; **တီုင်ကိင်ဒေသအိူင်ဒါင်** ကို်န်ကာမိူဝ်; **တီုင်ကိင် ကပီုန်ကုင်** ဒီန် ဓောမ် ဥပဒေတိုင် ရျံုရ်;တုပြိူဝ်;မိူဝ်; ပ်ုန်တုပြိူဝ်; သမ္မတ ရဖြောမ်ရာ; ဒါ;ရူမ် လွံတ်ဒေါ ဒေသ အိူင်ဒါင် ကို်န်ကာမိူဝ်; လွံတ်ဒေါကပိုန်ကုင် အဆေအ်ုန် အဆေဒီန် အာပ်ဒဲ;နှဲ ပဲန်တီုင်ကိင်ဌာန လောင်ခြိူဝ်ကွံန် တိုင်ကုင်ဂဲ ဒေသအိူင်ဒါင် ကို်န်ကာ မိူဝ; ကပီုန်ကုင်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအစိုးရ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းရင်းသားလူမျိုး များရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် တိုင်းရင်းသားလူမျိုးရေးရာ ကိစ္စရပ်များကို ဆောင်ရွက်ရန် ဖွဲ့စည်းတာဝန်ပေးအပ်သော ဝန်ကြီးဌာနကိုဆိုသည်။

(င) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ ဝန်ကြီးကို ဆိုသည်။

(စ) ငဲဒါ; **လောင်ပူန်ကွံန်တီင်ကုင်** ဒီန် မူိဝ်;ငဲ၊ ဘဲ,ဘာန်၊ ပညာနုညောတ်၊ ထုင်မှူိမ်ထုင်ဂြူိဝ်;၊ ထုင်ရူိထုင်ဓာန် ဂါရ် ဖာဆာပုံနကိုကွည်၊ ဂြူဆီိပ်ဘ္လူတ်ဆဝ်,ဆံမ်ဆမ်င် လောင်ယေန်ငံင်၊ လောင် ဘူိန်ပုံန်ဘုံပ်ဘူိန် နုံ ဥပဒေ တီိင်ရျှုရ်; တုပြူိဝ်; ရူိည် ခြူိင်ကာန် လောင် ဓာတ်ဘီ ကုံရ်ဟာ့်ထဝ့်ဓာရ်။

## ခါန်(၂)
## ပုံန်ကုံရ်ယေင်

၃။ ပုံန်ကုံရ်ယေင် ဥပဒေ မူိဝ;ရူိည်ရခြူမ်အီိဝ–

(က) ပုံန်ဘုံပ်ဘူိန ကွံန်ကုင်ကွံန်ရူဒီန် မောခြူိဝ်ကွံန် တီိင်ကုင် ငဲဒိုည်,ဒိုည်, ဘူိန်မူိဝ်;ရူမ်ကုံရ်တာန်။

(ခ) ကွံန်တီိင်ကုင် တော ကွံန်တီိင်ကုင် ကုံရ်ရူ; ကုံရ်ဒံမ် ကုံရ်မိဳတ်ကုံရ်တူိမ်အူန်နွံရ်;ဖူိမ်ကုင် ကုံရ်ပိုမ် ကုံရ်ဘာတီိ ငွည်ရူမ်ငွည်ရာ;ဆေဆေ။

(ဂ) မောကုံရ်ဟာ့်ထဝ့်ဓာရ်ဒေ လိုကုံန်ဒေါမ်ကုံန်မွံတ် ရူိည်ငဲ၊ ဘဲ,ဘာန်၊ ပညာနုညောတ်၊ ထုင်မှူိမ် ထုင်ဂြူိဝ်; ၊ ထုင်ရူိထုင်ဓာန်၊ ပူိင်ရံင်ခြူိဝ်မျူိ ဂါရ် ဂြူဆီိပ်ဘ္လူတ်အဆူိဝ်, အဆံမ် ဆမ်င် ခြူိဝ်ကွံန်တီိင်ကုင်ငဲ။

(စ) **တိုင်းရင်းသားရေးရာ**ဆိုသည်မှာ တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများရရှိရေးတို့ အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့်ကိစ္စရပ်များကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ ရရှိစေရန်၊

(ခ) တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုဖြင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓါတ် အခြေခံ၍ ထာဝစဉ်အတူတကွ လက်တွဲနေထိုင်ကြစေရန်၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ရိုးရာဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့်သမိုင်းအမွေအနှစ်တို့ကိုထိန်းသိမ်းစောင့်ရှောက်ရန်နှင့်ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) ကွံန်တီိုင်ကုင် တောာ ကွံန်တီိုင်ကုင် လောင်ကုိ်ရ် ဒေါပ် ကုိ်ရ်ပျောင်၊ လောင်ကုရ်ရံက်ကုိ်ရ်ပဲင် ဂါရ် လောင်ကုိ်ရ် ဇောည်ကုိ်ရ်ထဲင်ဂဲဒီိန် ဒဲ;ကုိ်ရ် ဟာ့်ထာ့်ဇာရ်ဒေ။

(င) ခြိုုဝ်ကွံန်တီိုင်ကုင် အုိ်န်အီကုိ်ရ်ဟာ့်ထာ့်ဇာရ် ရာမ် ဘြော့ဒီိန် ခိူည် လောင်ပညာ၊ လောင်ခေါခါ,၊ လောင် ဟောမ်ဒါဉစ္စာ ကုိ်ရ်ဟာ့်၊ လောင်ဒေင်ရဓ ကာန်ဂဲဒီိန် မောကုိ်ရ်ဟာ့်ထာ့် ဇာရ်ဒေ။

(စ) ပုိ်န်ယိူဝ်အူန် နုိ်ဥပဒေတီိုင်ရျံရ်;တုပြိုုဝ်;ဒီိန် ပုိ်န် ဘုိပ် ဘိူန် ခြိုုဝ်ကွံန်တီိုင်ကုင်ဂဲ မောဘိူန်နာ့်ပြေ့ ညှိုု;ဒေ။

## ခါန်(၃)
## ပုိ်န်ဘုိ်ပ်ဘိူန် ဂါရ် ပုိ်န်လိုဘိူန် ခြိုုဝကွံန်တီိုင်ကုင်ဂဲ

၄။ ခြိုုဝ်ကွံန်တီိုင်ကုင်ဂဲ လောင်ကုင်ရူကတုိ်မ်ဆတီ;၊ လောင် တရာဥပဒေဘိူန်ဖလူမ် ဂါရ လောင်ရူဂါင်ယေန်ငံင် ဆာယာ၊ ခိူည် လောင်ဂဲဒီိန် ကုိ်န်ကာကုိ်ရ်ခံတ်ဇောမ် ဥပဒေ ပုိ်န်ပ္လလေ; ပူန် အကျို လုိ်ပ်ပုိ်န်လိုကံမ်ကျင်ဇောမ်ဘီကုင်ဘီရူ–

(ဃ) တိုင်းရင်းသားလူမျိုး အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်၊

(င) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ အပြည့်အဝ ရရှိစေရန်။

## အခန်း (၃)
## တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ

၄။ တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင်–

(က) ငဲအယ်၊ ဘဲ,ဘာန်အယ်၊ ပညာနုညောတ်အယ်၊ ထုင်မှိုမ် ထုင်ဂြိုဝ်;အယ်၊ ထုင်ရိုထုင်ဇာန်အယ် ဂါရ် ဖာဆာ ဆာ ဆနာပုန်ကိုကွည်အယ် ခွိုည်ဂဲဒီန် ကာ ယှိုဝ်ရကီ;ရကာတ် ဘှိုန်ရှုရ်ဒိုည်,။

(ခ) ငဲအယ်၊ဘဲ,ဘာန်အယ်ဂဲဒီန် ကုန်ကာတှိုဝ် ကာဇှါင် မေန ငဲပ္လပုန်လိုဇောမ်လောင်ပညာဒီန် ဘှိုန်ပုရ် နောဒဲ;၊ ဘှိုန်ပုရ်နောအှုန်။

(ဂ) ပုန်ရှုရ်ဇောမ်ထုင်မှိုမ်ထုင်ဂြိုဝ်; ထုင်ရိုထုင်ဇာန် ခွိုည် ပ္လေါည်ဂါရ် ဆငီထွံတ်ဆငီမြုံတ်ဒီန် ကာယှိုဝ် ရကီ; ရကာတ် ဘှိုန်ရှုရ်ဒိုည်,။

(ဃ) ဘဲ,ဘာန်အယ် ဂါရ် ပညာနုညောတ်အယ် မောခိုတ် ကာပ်ပါန်ကုရ်ဟာဲ့ထဲ့ဇာရ်ဒေ ဘှိုန် တဂေန်ကုရ်ယောင် ရှုရ်ညာ ဂါရ် လောင်ထုင်မှိုမ် ထုင်ဂြိုဝ်;တွံန်နဲ တွံန်မျှိုဒီန် ကာယှိုဝ်ရကီ;ရ ကာတ် ဘှိုန်ရှုရ်သုတေသန တီပ်လဲမ် မောနံပ် တှိုင်ရျှုရ်;စဲင်စဲင်ပြဟ ပြဟ ။

(င) ဘုပ်ဘှိုန်ပုရ်နောပညာ၊ ဘုပ်ဘှိုန်ဆန့်မ်ရောဂါ၊ ဘုပ် ဘှိုန် ကာန်ငါန်ဂါရ် တကာန်ပှုန်ဟောမ်ဒါ ဥစ္စာ (အုဇာ) ကုရ်ဟာဲ့ဒီန် လိုဘှိုန်ကုရ်ဖြေင် ခွိုည်ပုန်ဘုပ် ဘှိုန်ဒီန်။

(စ) ပညာ လုပ်ဆန့်မ်ဆပှုည်ကှုန်မာ အယ် မောကာ ပြာည်ဒေ ဘှိုန်ကုန်ဒေါမ်ကုန်မွံတ်အယ်အေန်၊ မော ဆန့်မ်ဆပှုည် ကှုန်မာအယ် ဂါရ် ဘှိုန် ညာဒဲ; မော ဆန့်မ်ဆပှုည်ကှုန်မာ အယ်မဲန ဟာဲ့ဒေ။

(က) မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာသာသနာတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) မိမိတို့၏စကား၊ စာပေတို့ကို နိုင်ငံတော်၏ပညာရေးမူဝါဒကို ထိခိုက်မှု မရှိစေဘဲ သင်ကြားခွင့်နှင့် သင်ယူခွင့်ရှိသည်။

(ဂ) မိမိတို့၏ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ ဆောင်ရွက်သောအခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပခွင့်ရှိသည်။

(ဃ) မိမိတို့၏စာပေနှင့် အနုပညာတို့ကို ခေတ်မီတိုးတက်စေရန် တီထွင်ကြံဆဖော်ထုတ်ခွင့်နှင့် ယဉ်ကျေးမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွတ်လပ်စွာသုတေသနပြုဖော်ထုတ်ခွင့်ရှိသည်။

(င) ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်၊ အလုပ်အကိုင်ရပိုင်ခွင့်နှင့် စီးပွားရေး လုပ်ငန်းများတွင် တန်းတူညီမျှသော အခွင့်အရေးများ ရပိုင်ခွင့်ရှိသည်။

(စ) မိမိတို့၏ ရိုးရာတိုင်းရင်းဆေးပညာများ တိမ်ကောပပျောက်မှု မရှိစေရေးအတွက် ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း တို့ကို ဆောင်ရွက်ခွင့်ရှိသည်။

(ဆ) ဘိူန် ထိင်ခြဲ ကိုန်ဒေါမ်ကိုန်မွံတ် ဂြူဥစ္စာ(အုဇာ) ပိုန် အူန် ကူန်မာတာယာအူဟိူဝ်။

(ဇ) ကူဘီ ကိုန်ဂွည်ဘိုရ်ပ္လခါန် ဥပဒေတိုင်ရျုံရ်; တုပြူဝ်; ဒီန် လောင်ပျူဥပဒေဒေသအိူင်ဒါင် ကိုန်ကာမူဝ်; ကပိုန်ကုင် ဂါရ် အရာပ်ဘိူန် ဘြောင် ချာင်ရာင်ဒေဂဲ ဒီန် အဆေလည် ဘိူန်လျုပ်ဒဲ; ဘီအယ်ဂဲလီပ်ရူရ်ဓောမ်ဂဲ။

(ဈ) ဓောမ် ပ္လပ္လေ;ကာ;လေ;(ဇ)၊ ကူဘိူန်လီပ်ပါ လောင်ပျူ ဥပဒေ ဒေသအိူင်ဒါင် ကိုန်ကာ မိူဝ်; ကပိုန်ကုင် ဂါရ် အရာပ် ဘိူန်ဘြောင် ချာင်ရာင် ဒေဂဲဒီန် ကုန်မိူဝ;မေန် ခြိူဝ် ကွံန်တိုင်ကုင် ခူန့် ဒေသ အိူင်ဒါင် ကိုန်ကာမိူဝ်;ကပိုန်ကုင် ဂါရ် အရာပ်ဘိူန်ဘြောင် ချာင်ရာင်ဒေဂဲဒီန် နာနာမိူဝ်; ဒဲ;ဂဲဘိူန်ဒေရူရ်ဒဲ; ပူန်ခြိူဝ် ကွံန်တိုင် ကုင်ဒေ ဘိုပ်ဒဲ; ဂဲလီပ်။

(ည) ဘိူန်ဟိူည်လေ; ကိုရ်မိုန်ကိုရ်မံန် တီပ်လဲမ်တမ်စံပ် တိုင်ရျုံရ်;အဆိူဝ်,အဆံမ်ဆမ်င်အယ် ဂါရ် ဂြူဥစ္စာ အူန် ကူန်မာ တာယာအူဟိူဝ်ဒီန် ဘိူန်ထိင်ခြဲ ဓောမ်ဥပဒေ။

(ဆ) မိမိတို့၏ ရှေးဟောင်း အမွေအနှစ်များကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခွင့်ရှိသည်။

(ဇ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင်သတ်မှတ်သော လူဦးရေ ရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဥပဒေပြု ရေးတွင် မိမိတို့ ကိုယ်စားလှယ်များ ပါဝင်နိုင်ရန် ဆောင်ရွက်ခွင့်ရှိသည်။

(ဈ) ပုဒ်မခွဲ (ဇ) အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဥပဒေပြုရေးတွင် ကိုယ်စားလှယ် ပါဝင်ခွင့် ရရှိသည့် တိုင်းရင်းသားလူမျိုးဖြစ်လျှင် ထိုတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရ စီရင်စု အုပ်ချုပ်ရေးတွင် အဓိကအားဖြင့် ထိုတိုင်းရင်းသားလူမျိုးများရေးရာကို ဆောင်ရွက် နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ပါဝင်ခွင့်ပြုရမည်။

(ည) မိမိတို့ တိုင်းရင်းသားများ၏ သမိုင်းဖြစ်စဉ်များကို ထုတ်ဖော်ခွင့်နှင့် အမွေအနှစ်များကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ခွင့် ရှိရမည်။

## ခါန်(၄)
## တုပြိုဝ်; ဠာနတီုင်ကိုင် ဂါရ် အာပ်ဒဲ; ပဲန်တီုင်ကိုင်ကုင်ကဲ့ရ်ပိုမ်

၅။ ခူန့် အရာပ်ဂွည်ခြိုဝ်ကွံန်တိုင်ကုင်ဂဲ ခူိည်ခြိုင်ကာန် ကိုရ် ဟာ့်ထဝ့်ဇာရ်ဂဲ၊ ကာန်ချာင်လာ့်ဂဲ၊ ကာန်ပူန်ဟောမ်ဒါ ဥစ္စာကိုရ်ဟာ့်ဂဲ၊ ကာနဟူိည်လေ;တူိဝ်;ဒါ သယံဇာတဂဲ။ ခြိုင်ကာန် ခူိည်ဒီန် ခူိည်ဒီန် ကိုန်ဒါ;ညို;အယ်ရူိရ် ဘုိပ်ဂြည် လေ;ပွေ;ပွေါင်ဒဲ;ဂဲနံပ် ဇဝ် ခူိည်မူိဝ်;ခူိည်ပိုည် ကာန်ချာင် လာ့်ဒီန်။

၆။ မောဘူိန်ရူိရ်ဒဲ;ညို;ကာန် လောင်ပူန်ခြိုဝ်ကွံန်တိုင် ကုင်ဂဲ သမ္မတ ဒါင် ဘုိပ်တုပြိုဝ်;ဠာနတိုင်ကိုင် လောင်ပူန်ခြိုဝ် ကွံန်တိုင်ကုင်ဂဲ ရဖြောမ်ရာ;ဒါ;ရူမ် လွံတ်ဒေါကုင်ကိုရ်ပိုမ်။

၇။ သမ္မတအီုဝ–

(က) မောဘူိန်အာပ်ဒဲ; ပဲန်တီုင်ကိုင်ကုင်ကိုရ်ပိုမ် လောင်ပူန် ခြိုဝ်ကွံန်တိုင်ကုင်ဂဲ ဒီန် နို့ကူမူိဝ်; ကိုန်ရံရ်လွံတ်ဒေါဂဲ မူိဝ်;ဟွည့်၊ ကူအီကာမူိဝ်; ကိုန်ရံရ်လွံတ်ဒေါဂဲမူိဝ်; ဟွည့်, ရံရ်;ဇောမ် ပိုန်ပ္လ ဥပဒေ တီုင်ရံုရ်; တုပြိုဝ်; ပ္လပ္လေ;၂၃၂၊ ပ္လပ္လေ; ကာ;လေ; (က)ဒီန် စံင်တာင် ဟာ့် ဇဝ်အုိန် တလွံတ် ဒေါကုင်ကိုရ်ပိုမ် တူိဝ်;ဖြောမ်ရာ; ဒါ; ရူမ်ဂဲ။

# အခန်း (၄)
# ဝန်ကြီးဌာနဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုဝန်ကြီးခန့်အပ်ခြင်း

၅။ တိုင်းရင်းသားလူမျိုးများ၏ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းကြီးများ၊ စီးပွားရေးလုပ်ငန်းများ၊ သဘာဝသယံဇာတထုတ်ယူသုံးစွဲခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက စီမံကိန်းအကြောင်းအရာများကို သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများအား ပြည့်စုံတိကျစွာ ကြိုတင်ချပြ အသိပေး၍ ညှိနှိုင်း ဆောင်ရွက်ရမည်။

၆။ နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာကိစ္စရပ်များကို အလေးထားဆောင်ရွက်နိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၇။ နိုင်ငံတော်သမ္မတသည်-

(က) ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ရေးရာ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော် ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ်မဟုတ်သူများထဲက ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(က)ပါ အရည်အချင်း သတ်မှတ်ချက်နှင့် ပြည့်စုံသော သင့်လျော်သည့်ပုဂ္ဂိုလ်ကို ရွေးချယ်၍ ယင်း၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်။

(ခ) မောဘူိန်အာပ်ဒဲ; ပဲန်တီင်ကိင်ကုင်က်ုရ်ုပိုမ် ဒီန်၊ က်ုန်ကာ ဘူိန်ဖြော်မ်ရာ;ဒါ;ရှူမ် လွှံတ်ဒေါကုင် က်ုရ်ုပိုမ်ဂဲ က်ုန်ရုံရ်ုပုဂ္ဂိုလ်ဒီန် ဘူိန်တာင်ဟာဲ့ထဲင် စရာင်ဇီဝ်က်ုန်မဲ တလွှံတ် ဒေါ ကုင်က်ုရ်ုပိုမ်။

(ဂ) ပုဂ္ဂိုလ်အ်ုန်အီဟွည့်,ဘူိန် ဖြော်မ်ရာ;ဒါ; ရှူမ်လွှံတ် ဒေါကုင် က်ုရ်ုပိုမ်ဂဲ စံင်ဘူိန်အာပ်ဒဲ;နှဲ ပဲန်တီင် ကိင် ကုင်က်ုရ်ုပိုမ်။

၈။ တီင်ကိင်ကုင်က်ုရ်ုပိုမ်အီဝ် ဘ်ုပ်တူိဝ်;ကာန်ခါမ်နှဲ သမ္မတဒါင်။ အဆာက်အယာတီင်ကိင်ကုင်က်ုရ်ုပိုမ်အီဝ မူိဝ;ရှိည် အဆာက်အယာ သမ္မတဒါင်။

(ခ) ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် မရရှိပါက ယင်းပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့် ရှိသည်။

(ဂ) ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ရရှိပြီးသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးရမည်။

၈။ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။ ပြည်ထောင်စုဝန်ကြီး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။

## ခါန်(၅)
## နှ် ဂါရ် ပ်ုန်ဘူိန်ရှ်ရ်ဂ တိုင်ကိင်ဌာန

၉။ နှ် ဂါရ် ပ်ုန်ဘူိန်ရှ်ရ်ဂ တိုင်ကိင်ဌာနဒိန် မ္ိုဝ်;ခူိည်ရခြုမ် အိုဝ–

(က) မောဘူိန်ရှ်ရ်လေ; ပ်ုန်ကုံရ်ယေင် အုံန်အီယူိဝ် အူန် တဥပဒေအိုဝ် ပ္ဍရျံရ်;ချမူ ဂါရ် ယည်ပ္ဍေ; ကပ္ဍိုင်ကာန်။

(ခ) အီယူိဝ်အူန် တဥပဒေတိုင်ရျံရ်;တုပြုိဝ်; ဂါရ် ဥပဒေအိုဝ် ခူိည်ပ်ုန်ဘုပ်ဘူိန် ခြုိဝ်ကွံန်တိုင် ကုင်ဂဲဒိန် ထိင်ခြဲ ကုံန်ဒေါမ် မောဘူိန် နှ် ပြေ့ညှို; ခူိည်ပ္ဍလေ; ဥပဒေ။

(ဂ) လောင်ထိင်ခြဲ ကုံန်ဒေါမ်ကုံန်မွံတ် ငဲ၊ ဘဲ,ဘာန်၊ ညာ နညောတ်၊ ထုင်မှူိမ်ထုင်ဂြူိဝ်; ဂါရ် ထုင်ရှိထုင်ဇာန် ခြုိဝ်ကွံန်တိုင်ကုင်ဂဲ ဂါရ် ညာဒဲ; ငဲ၊ ဘဲ,ဘာန်၊ ညာ နညောတ်၊ ထုင်မှူိမ် ထုင်ဂြူိဝ်; ဂါရ် ထုင်ရှိထုင်ဇာန် ခြုိဝ်ကွံန် တိုင်ကုင်ဂဲ ကုံရ်ဟာ့်ထ့်ဇာရ်ဒေ၊အဆူိဝ်, အဆံမ်ဆမ်င်ဂါရ် ညာဒဲ;လောင်တိပ်လဲမ်ဟူိည်လေ; ဂါရ် လောင်ကုံန်ဒေါမ် ထိင်ခြဲ ဂြူဥစ္စာအူန်ကူန် မာတာ ယာ အူဟူိဝ် နာန်။

## အခန်း (၅)
## ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝ ရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) တိုင်းရင်းသားလူမျိုးများ၏ စကား၊စာပေ၊အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ခြင်း၊ သမိုင်းနှင့် ရှေးဟောင်း အမွေအနှစ်တို့ကို စူးစမ်းရှာဖွေ ဖော်ထုတ်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဃ) ညာဒဲ့ မောကွံန်တိုင်ကုင်ဂဲတောဂဲ ကိုရ်ဒေါပ်ကိုရ် ပျောင်ဒေ၊ ကိုရ်ရှူ;ကိုရ်ရုံက်ဒေ၊ ကိုရ်ဇောည်ကိုရ် ထဲင်ဒေ။

(င) ပူန်ဘဝဇာတ်ပါန် မောကိုရ်ယူိဝ်;ဇာရ်ဒေ ရှူိည် ခြိုဝ် ကွံန်တိုင်ကုင် အိုန်အီကိုရ်ဟာ့်ထာ့် ဇာရ် ဘြေ့ ဂဲဒီန် ရှူရ်ဒဲ့ တဂဲ ကာန်ခြိုင်ကိုရ်ဟာ့် တွံန်ကိုန်ဒါ, ရှူိည်လောင်ပညာ၊ လောင်ဘဲခေါခါ,၊ လောင်ဟောမ်ဒါ ဥစ္စာကိုရ်ဟာ့်၊ လောင် ရဒေင်ဗ ကာန်ရှူိည်ဒီန်ရှူိည်ဒီန်။

(စ) ခြိုဝ်ကွံန်တိုင်ကုင် အူခြိုဝ်ဂါရ်အူခြိုဝ် (ကိုန်ကာ မူိဝ်;) ခြိုဝ်ကွံန်တိုင်ကုင် ဂဲတောဂဲ မူိဝ်;ဟွည်,၊ ဖါဆာ ဆာဆ နာဟံရ် မူိဝ်;ဟွည်, ကိုန်ကာကိုရ် တူိဝ်ကိုရ်ဗှါင်ဒေ ပုန် ရုံက်ပဲင်အယ် ရှူိည် ငဲ၊ ဘေဲ,ဘာန်၊ထုင်မှိုမ်ထုင်ဂြိုဝ်;၊ ဖါဆာ ဆာ ဆနာ ပုန်ကိုကွည ဂါရ် ထုင်ရှူထုင်ဇာန်ဂဲဒီန် ရှူရ်ညာ ရှူိည်အုင် ရှူိည်ဒါ;အယ်။

(ဆ) ပုန်ဘုပ်ဘူိန်ကွံန်တိုင်ကုင်ဂဲဒီန် ထိင်ခြဲကတီကရီ ဇောမ် ဥပဒေ။

(ဇ) ကိုန်မူိဝ်; လုပ်ပဲန်ကိုရ်ထေင်ကိုရ်ဘိုရ် ပဲန်ကိုန်ဒီ ဆိုရ်နာကွံန်တိုင်ကုင်ဂဲတောဂဲမူိဝ်;ဟွည်,၊ပဲန်ကိုန်ဒီဆိုရ်နာ ခြိုဝ် ကွံန်တုင်ကုင်ဂဲမူိဝ်;ဟွည်, ကိုရ်မိုန်ကိုရ်မံန်ဒဲ့ ဂါရ် ဆာင်လာင်ဒဲ;။

(ဃ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည် လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း၊

(င) ဖွံ့ဖြိုးတိုးတက်မှု နည်းပါးသော တိုင်းရင်းသားလူမျိုး များ၏ လူမှုဘဝ မြင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့် လုပ်ငန်းရပ်များဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(စ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့် တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကို လည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက် နစ်နာမှု မရှိစေဘဲ မိမိ ချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာ နှင့်ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင် ရွက်ခြင်း၊

(ဆ) တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေနှင့်အညီ ထိရောက်စွာ အကာအကွယ်ပေးခြင်း၊

(ဇ) တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသား လူမျိုးများအကြားဖြစ်ပွားသည့် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းခြင်း၊

(ဈ) ဒဲ;ခြိုဝ်ကွံန်တီုင်ကုင်ဂဲ ကု်ရ်ပာ့်တွံန်ကု်န်ဒါ, ရု်ရ် သုတေသန တီပ်လဲမ်မောနံပ်တီုင်ရျံရ်; စဲင်စဲင် ပြုပြု ကိစ္စဒီန်။

(ည) ခိုည်ငဲ၊ ဘောဲ,ဘာန်၊ ပညာနုညောတ်၊ ထုင်မှိုမ် ထုင်ဂြိုဝ်; ဂါရ် ထုင်ရိုထုင်ဇာန် ခြိုဝ်စံရ်ကွံန်တီုင် ကုင်ဂဲအုဲန်အီ မိုဝ်;ဘီဘြော့ဒီန်၊ မိုဝ်;ကောဒေရဲန် ပြာည် ဒီန် ဟိုည်လေ; လူမ်လာ ကု်န်ဒေါမ်ကု်န် မွံတ် ဂါရ် ညာ မော ကု်ရ်ပာ့်ထဲ့ဇာရ်ဒေ။

(ဋ) ညာဒဲ;လောင်ကိစ္စ အုဲန်အီယှိုဝ်အူန်တဥပဒေ အီုဝ် ကု်ရ်မိုန် ကု်ရ်မံန်ဇောမ်ဌာနဘြောင် ကုင်ဂဲ၊ ဇောမ်ဖုင် ဘြောင်ကုင်ဂဲ။

(ဌ) ဘိုည်မိုဝ်; ဖုင်အစိုယဘြောင်ဆာင်ကုင်ကု်ရ်ပိုမ် မိုဝ်; ဟွည်,၊ ဘိုည်မိုဝ်; ဇောမ်ဥပဒေအူနဲအူနဲ မိုဝ်;ဟွည်,၊ ရိုရ်ညာကာန်နှဲပိုန်ဒဲ;လောင်ပူန်ခြိုဝကွံန်တီုင်ကုင်ဂဲ။

၁၀။ ဌာနတီုင်ကိင်အီုဝ် ဘုပ်တပြိုဝ်;ဒဲ; ဖုင်ဘီရိုရ်ကာန်တွံန်နဲ တွံန် ကု်န်ဒါ, ပုန်လိုတလူမ်ခြိုဝ်ကွံန်တီုင်ကုင်ဂဲ ရဖြောမ်ရာ; ဒါ;ရှူမ် တီုင်ကိင်ကုင်ကု်ရ်ပိုမ်။

(ဈ) တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံဖွံ့ဖြိုး တိုးတက်စေမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) လူနည်းစုဖြစ်သော၊ ကွယ်ပျောက်လုနီးပါး ဖြစ်နေသော တိုင်းရင်းသား မျိုးနွယ်စုများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းတို့ကို ဖော်ထုတ်ခြင်း၊ထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(ဋ) ဤဥပဒေပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ပေးအပ်သော တိုင်းရင်းသားလူမျိုးရေးရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ ဝန်ကြီးဌာနသည်လိုအပ်သည့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၁။ ဌာနတီိင်ကိင်အိုဝ် မောဘူိန်ရုံရ်ညာ ထာ,ထိထာ,ရာ ခူိည်ပုံန် လိုကိစ္စလောင်ပူန်ခြိူဝ်ကွံန်တီိင်ကုင်ဂဲ ကုံန်ဟျံတ်ဒေလို တုပြူိဝ်; ကောမတီ ဂါရ် ဖုင်ကာန်ဂဲ၊ ကုံရ်မိုန်ကုံရ်မံန် ကုံရ်ဆူမ်ငဲ ဇောမ် ဌာနတီိင်ကိင်ကုင်ကုံရ်ပိုမ်ဟံရ်ဂဲ ဘူိန်တုပြူိဝ်;ပွံတ်။ ကုံန်ဟွည်, တုပြူိဝ်;ပွံတ်ညာခူိည်ဒီိန် ပည်ပ္လဒဲ;ပွံတ် ကပ္လူိင် ကာန်နဲ့ တဂဲအူလူိဝ်;။

၁၂။ ဌာနတီိင်ကိင်ဒေသအိူင်ဒါင် ကုံန်ကာမူိဝ်; ဌာနတီိငကိင် ကပိုိန်ကုင်ဒီိန် ပုံန်လိုခြူမ်ဂဲ လောင်ဖုင်ရုံရ်ကာန် ခြိူဝ်ကွံန် တီိင်ကုင် တွံန်နဲ့ တွံန်ကုံန်ဒါ,ဒီိန် ဘုံပ်တုပြူိဝ်; ဇောမ် ဖြော်မ်ရာ;ဒါ; ရူမ် အစိုယဘြောင်ဒေသအိူင်ဒါင် ကုံန်ကာမူိဝ်; အစိုယဘြောင် ကပိုိန်ကုင်။

၁၃။ ဌာနတီိင်ကိင်ဒေသအိူင်ဒါင် ကုံန်ကာမူိဝ်; ဌာနတုင်ကိင် ကပိုိန် ကုင်ဒီိန် မောဘူိန်ရုံရ်ညာဒဲ; ဇောမ်လောင်ကိစ္စကွံန်တီိင် ကုင်ဂဲ တွံန် ဆန့်မ် လိုဆွံင်တဲမ်စံပ် တ စရာင်ကုံရ်လာမ်ရူန်ဘူိန် ရှိန် စာည် ဖုင် အစိုယဘြောင်ဒေသအိူင်ဒါင် ကုံန်ကာမူိဝ်; ဖုင် အစိုယ ဘြောင် ကပိုိန်ကုင်။

၁၁။ ဝန်ကြီးဌာနသည် တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါ က ကော်မတီနှင့် လုပ်ငန်းအဖွဲ့များကို သက်ဆိုင်ရာ အခြား ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ဖွဲ့စည်းနိုင်ပြီး ယင်းတို့ ကိုဖွဲ့စည်းပါက လုပ်ငန်းတာဝန်များကို တစ်ပါတည်းသတ်မှတ် ပေးရမည်။

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် ယင်း၏ လက်အောက်တွင် လိုအပ်သည့် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။

၁၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာကိစ္စရပ်များကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်စဉ် ထည့်သွင်း ရေးဆွဲရမည်။

## ခါန်(၆)
## လူမ်လာထိင်ခြဲ ပုံန်ဘုံပ်ဘိုန် ခြိုဝ်ကွံန်တိုင်ကုင်ဂဲ

၁၄။ ခြိုဝ်ကွံန်တိုင်ကုင်ဂဲအိုဝ် ကုံန်ချူမ်ချာည် ပုံန်ဘုံပ် ဘိုန် ခြိုဝ်ကွံန်တိုင်ကုင ဒိုန် မောဘိုန် ထိင်ခြဲအ္ုန်၊ ဘိုန် ဂြည်ဟာ့် တာင်ပျ တအစိုယဘြောင်ဆာင်ဒေသအိုင်ဒါင်ကုံန်ကာမိုဝ်; အစိုယဘြောင် ဆာင် ကပိုန်ကုင်။

၁၅။ ဓောမ်ဖုင်အစိုယဘြောင်ဆာင်ဒေသအိုင်ဒါင်ကုံန်ကာမိုဝ်; ဖုင် အစိုယဘြောင်ဆာင်ကပိုန်ကုင် ဒိုန် ယာမ်ဘိုန်ဒေရုံပ် အူန်ငဲ ပုံန်တာင်ပျ ဖြေင်ဓောမ် ပ္လပ္လေ့;(၁၄)ဒိုန် မောပုံန်ဘုံပ်ဘိုန် ခြိုဝ် ကွံန်တိုင်ကုင်ဂဲ ကာချူမ်ကာချာည်ဒေ လိုထိင်ခြဲလူမ် လာဒဲ;–

(က) ဓောမ်ဒေသအိုင်ဒါင် ကုံန်ကာမိုဝ်; ဓောမ်ကပိုန် ကုင် ဘုံပ် အာပ်ဒဲ;နဲ့ တတိုင်ကိင် ခြိုဝ်ကွံန် တိုင် ကုင်ဂဲ ။

(ခ) ဖြေင်ဓောမ်ပ္လပ္လေ့;ကာ;လေ;(က)ဒိုန် ကုံန်ကာယိုဝ် အာပ်ဒဲ;နဲ့ တအူကူအူကူ ဘုံပ်အာပ်ဒဲ;နဲ့ တတိုင် ကိင် ကူလိပ်ဖုင် အစိုယဘြောင် ဒေသအိုင် ဒါင်ကုံန်ကာမိုဝ်; ကပိုန်ကုင်။

## အခန်း (၆)
## တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ် စောင့်ရှောက်ခြင်း

၁၄။ တိုင်းရင်းသားလူမျိုးများသည် မိမိတို့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးပါက ကာကွယ်စောင့်ရှောက်မှု ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြနိုင်သည်။

၁၅။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၄ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုပေးရန်−

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်နိုင်ခြင်း မရှိပါက သင့်လျော်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးဦးအား တာဝန်ပေးအပ်ရမည်။

၁၆။ ဖြေင်ဇောမ် ပ္လပ္လေ;(၁၅) တီုင်ကိင် အီဘုပ်ရံပ်နဲ့ပုန်အာပ် အီုဝ–

(က) နဲ့ပုန်အာပ်ဒဲ; လုပ်ကိစ္စ ပုန်ဘုပ်ဘူန် ခြိုုဝ်ကွံန် တီုင်ကုင်ဂဲဒီန် ပည်ရချူုမ်ချာည်လူလဲဝ်ဒေ ဘုပ်စဲတ် ကတီကရီညို;။

(ခ) ဖြေင်ဇောမ် ပ္လပ္လေ;ကာ;လေ; (က) အီုဝ်ယာမ်စဲတ် ကတီကရီဒီန် ကုန်ယူုဝ်မေန် ပုန်ဘုပ်ဘူန် ခြိုုဝ်ကွံန် တီုင်ကုင်ဂဲ ဒီပဲန်ချူုမ်ချာည်လူလဲဝ်ဒေ လောင်ဘူန် ထိင်ခြဲ လူမ်လာအုန် ဇောမ်ဖြေင် ပုန်ပ္လဒဲ;ဖုင်အစိုယ ဘြောင်ဆာင်ဒေသအူုင်ဒါင် ဒီန်ကုန်ကာမူုဝ်; ဖုင် အစိုယ ဘြောင်ဆာင် ကပိုန်ကုင်ဒီန်မူုဝ်;ဟ္ဂည်,၊ ကုရ်မိုန် ကုရ်မံန်ကုရ်ဆူမ်ရူရ်ရူမ်ဇောမ် ယဝ်တဒေသအူုင်ဒါင်ကုန် ကာမူုဝ်; ယူုဝ်တကပိုန်ကုင် ခူုည် ဌာနတီုင်ကိင်ဂဲ၊ ဌာနအစိုယဘြောင်ဆာင်ဂဲ၊ ဖုင်အစိုယ ဘြောင် ဆာင်ဂဲ၊ တရာင်ကိင်ဘြောင်ချာင် အရာပ် အူုင် ဒါင်ရာင်ဒေဂဲ ကုန်ကာမူုဝ်; တရာင်ကိင်ဘြောင် ချာင် အရာပ်ရာင် ဒေဂဲ မူုဝ်;ဟ္ဂည်, ဘုပ်ညာဒဲ; ခူုည်ဒီန်။

(ဂ) ဖြေင်ဇောမ် ပ္လပ္လေ;ကာ;လေ;(ခ)အီုဝ် ယာမ်ရူရ်ဒီန် ကုန် ဟုံုတ်ဒေလို ရဇောည်ရထဲင် ခူုည်ဌာနတီုင် ကိင် ဂဲဟံရ် မူုဝ်;ချုံန် ကုင်ကုရ်ပိုမ် ဂါရ် ဖုင်အစိုယဘြောင်ဆာင် ဒီန်လိုဂြည်ဟာ့်တာင်ပျ တဒေသအူုင်ဒါင် ကုန်ကာမူုဝ်; တအစိုယ ဘြောင် ဆာင်ကပိုန်ကုင် မူုဝ်;ဟ္ဂည်,၊ ဇတိုရ်;င တအစိုယ ဘြောင်ဆာင်ဒေသအူုင်ဒါင် ကုန်ကာမူုဝ်; တအစိုယ ဘြောင်ဆာင်ကပိုန်ကုင် ဂြည်ဟာ့် တာင်ပျ တဌာန တီုင်ကိင် လောင်ခြိုုဝ် ကွံန်တီုင်ကုင် ကုင်ကုရ်ပိုမ် မူုဝ်;ဟ္ဂည်,။

၁၆။ ပုဒ်မ ၁၅အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည်-

(က) မိမိအား တာဝန်ပေးအပ်သော ကိစ္စရပ်နှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှု ပေါ်ပေါက်ခြင်း ရှိမရှိ စိစစ် ရမည်။

(ခ) ပုဒ်မခွဲ(က) အရ စိစစ်သည့်အခါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှု ပေါ်ပေါက်ကြောင်း တွေ့ရှိပါက ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေး အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း၍လည်းကောင်း ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာနသို့လည်းကောင်း တင်ပြရမည်။

၁၇။ ဖုင်အစိုယဘြောင်ဆာင်ဒေသအိူင်ဒါင် ကိုန်ကာမှိုဝ်; ဖုင်အစိုယဘြောင်ဆာင်ကပိီန်ကုင်ဒီန် ဖြေင်ဓောမ် ပ္လပ္လေ; ၁၆၊ ပ္လပ္လေ; ကာ;လေ; (ဂ)အီိဝ် လောင်ဂြည်ဟာ့်တာင်ပျဒီန်တကို်ရ်ဂေ့ ဖိုမ် ကိုန်ဒါ; လိုရဓောည် ရထဲင် ရှိုည်ချုံန်ဌာနတိိင်ကိင် ကုင် ကို်ရ်ပိုမ်ဂဲ၊ ဌာနအစိုယဘြောင ဆာင်ဂဲဒီန် ဘို်ပ်ဂြည်ဟာ့်တာင်ပျ တဖုင်အစိုယဘြောင်ဆာင်ကုင် ကို်ရ်ပိုမ်။

၁၈။ ဌာနတိိင်ကိင်ဒီန် ဖြေင်ဓောမ် ပ္လပ္လေ;၁၆၊ပ္လပ္လေ;ကာ;လေ; (ဂ)အီိဝ်လောင်ဂြည်ဟာ့်တာင်ပျဒီန် တကို်ရ်ဂေ့ဖိုမ် ကိုန်ဒါ; လိုရဓောည် ရထဲင် ရှိုည်ချုံန်ဌာနတိိင်ကိင်ကုင်ကို်ရ်ပိုမ်ဂဲ၊ ဌာနအစိုယဘြောင်ဆာင်ဂဲဒီန် ဘို်ပ်ဂြည်ဟာ့်တာင်ပျ တဖုင် အစိုယ ဘြောင်ဆာင်ကုင်ကို်ရ်ပိုမ်။

၁၉။ ဖြေင်ဓောမ် ပ္လပ္လေ; ၁၅ ၊ အီိဘို်ပ်အာပ်နဲ့ ရှိုည် တိိင်ကိင်ဒီန်၊ တကိစ္စပုန်ဘို်ပ်ရှုရ်အို်န် ကိုန်ကာဘဲဒေထိင်ခြဲကိုန်ဒေါမ် ပုန်ဘို်ပ် ဘှိုန်ကွံန်တိိင်ခြိူဝ်ဂဲ လိုဂြည်ရှိုည်မှိုဝ်;ရှိုည်ပိုည် တာင်ပျဟာ့် တဖုင်အစိုယဘြောင်ဆာင်ဒေသ အိူင်ဒါင်ကို်န် ကာမှိုဝ်;ဖုင်အစိုယ ဘြောင်ဆာင်ကပိီန်ကုင်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ) အရ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စု အဆင့်ရှိဝန်ကြီးဌာနများ၊အစိုးရဌာနများ၊အစိုးရအဖွဲ့အစည်း များ၏ ပံ့ပိုးမှုရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၈။ ဝန်ကြီးဌာနသည် ပုဒ်မ၁၆၊ပုဒ်မခွဲ(ဂ) အရ တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးဌာနများ၊ အစိုးရ ဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးမှု ရရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၉။ ပုဒ်မ ၁၅ အရ တာဝန်ပေးအပ်ခြင်းခံရသော ဝန်ကြီးသည် မိမိဆောင်ရွက်ရသောကိစ္စတွင် တိုင်းရင်းသားလူမျိုးများ၏အခွင့် အရေးကို ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ခြင်းမရှိပါက အကျိုး အကြောင်း ပြည့်စုံစွာဖော်ပြ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၀။ ဖုင်အစုယဘြောင်ဆာင်ဒေသအိုင်ဒါင် ကိုန်ကာမိူဝ်; ဖုင် အစိုယ ဘြောင်ဆာင်ကပီုန်ကုင်ဒီုန် ဖြေင်ဓောမ် ပ္လပ္လေ; ၁၉ ကိစ္စ ပိုန် တာင်ပျဂဲဒီုန် တကိုရ်ဂေ့ဖိူမ် ကိုန်မိူဝ်; ကိစ္စပိုန်ဘိုပ်ရိုရ် ချံုန်ကုင်ကိုရ်ပိုမ် မောဘိူန်ရိုရ်ညာလာ်; ဘိုပ်ဂြည်ဟာ့တာင်ပျ တဖုင်အစိုယဘြောင် ဆာင်ကုင်ကုရ်ပိုမ်။

၂၁။ (က) ဖုင်အစိုယဘြောင်ဆာင်ကုင်ကိုရ်ပိုမ်ဒီုန် ဖြေင် ဓောမ် ပ္လပ္လေ; ၂၀ မောဘိူန်ရိုရ်ညာလာ်; ဘိုပ် အာပ်ဒဲ; နဲ့ တတီုင်ကိုင် ကုင်ကိုရ်ပိုမ်။

(ခ) တီုင်ကိုင်ကုင်ကိုရ်ပိုမ်ဒီုန် ဖြေင်ဓောမ်ပ္လပ္လေ;ကာ; လေ; (က) ပိုန်အာပ်ဒဲ;နဲ့ ပူန်ကိုန်ဒေါမ် ထိုင်ခြဲ လောင်ကိစ္စ ချူမ် ချာည်လူလဲဝ် ရိူည်ပိုန် ဘိုပ်ဘိူန် ခြိူဝ်ကွံန် တီုင်ကုင်ဂဲဒီုန် ဓောမ်ပိုန်ပ္လ ဖုင်အစိုယဘြောင်ဆာင်အိူင် ကပီုန်မိူဝ်;ဟွည်၊ချံုန်ကုင်ကိုရ်ပိုမ်ဌာနတီုင်ကိုင်ဂဲ၊ဌာနအစု ယဘြောင်ဆာင်ဂဲ၊ ဖုင်အစိုယဘြောင်ဆာင်ဂဲ ကိုရ်မိုန် ကိုရ်ဆူမ်မိူဝ်;ဟွည့်ဘိုပ်ညာဒဲ;ရိူည်ဒီုန်။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၉ အရ တင်ပြသောကိစ္စမှာ ပြည်ထောင်စုအဆင့်တွင် ဆောင်ရွက်ပေးရမည့်ကိစ္စ ဖြစ်ကြောင်း သုံးသပ်တွေ့ရှိပါက လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၂၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၂၀ အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးအား တာဝန်ပေးအပ်ရမည်။

(ခ) ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မခွဲ (က) အရ တာဝန်ပေးအပ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနစ်နာဆုံးရှုံးသည့် ကိစ္စတွင် ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ လည်းကောင်း၊ ပြည်ထောင်စုအဆင့်ရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း ဆောင်ရွက်ရမည်။

## ခါန်(၇)
## ပုံန်ဒံန်ပုံန်ခြဲဂဲ

၂၂။ အီယိုဝ်အူန် တဥပဒေအိုဝ် ရှိုည် ပုံန်ဘုံပ်ဘိုန် ဂါရ် ပုံန်လို ဘိုန်ခြိုဝ် ကွံန်တိုင်ကုင်ဂဲ ကာယိုဝလောင်ဒါ;ကျကျနနညို; အဆေ မိုဝ;ကာဘိုန်ဒံန်ခြဲစိ။

၂၃။ အီယိုဝ်အူန် ပုံန်ပ္လလေ; တဥပဒေအိုဝ် ကုံန်မိုဝ်;လောင် ကိစ္စပူန် ကုင် (နိုင်ငံရေး) အဆေကာဘိုန်လာလီတိုဝ်;ဒါစိ။

၂၄။ ခြိုဝ်ကွံန်တိုင်ကုင်ဂဲတောဂဲ မောဂဲကုံရ်ရအီရ်;ဒေ၊ မောဂဲ ကုံရ်ရာန် ဒေ၊ မောဖိုမ်နွံရ်;ဂဲလည်ဇဒေ ရှိုည်ဂဲဒီန် ကုံရ်ယေင်အူန် မောပဲန် အူနဲအူနဲ ကုံန်ကာမိုဝ်; မောဘုံပ်ပဲန်ညို; အူနဲအူနဲ အဆေမိုဝ; ကာဘိုန်စိ ငဲရုံင်ညာရှိုည်ဒီန်။

## ခါန်(၈)
## တာမ်လူတ်ဂဲ

၂၅။ ကာဒါ;ကူမှာ်; အဆေလူတ် ပ္လပ္လေ;၂၂ ပါင်ပုံန်ဒံန် ပုံန်ခြဲ ဒီန်ငဲဂုံမ် ကုံန်ဒါ;လူတ်ညို;ပ္လအပျေတ်ထောင် ဟာင်ညာရှိုည် ဒီန် ကူယိုဝ် အပျေတ် ဒီန် တာမ်ထံင် ကာလျိုဝ်ဆဲ;အူဆန်မ် မိုဝ်;အူနဲ၊တာမ် ရှိုန် ကာလျိုဝ်ဆဲ; အူဆဲန်ဘျာ မိုဝ်;အူနဲ၊ တာမ်အာရ်နဲကုံရ်ပိုမ် မိုဝ်;အူနဲ ဘုံပ်ပ္လတာမ် လူတ် ညာရှိုည်ဒီန်။

## အခန်း (၇)
## တားမြစ်ချက်များ

၂၂။ မည်သူမျှ ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပိတ်ပင်တားဆီးခြင်း မပြုရ။

၂၃။ မည်သူမျှဤဥပဒေပါ ပြဋ္ဌာန်းချက်များကို နိုင်ငံရေးကိစ္စအလို့ငှာ အလွဲသုံးစား မပြုလုပ်ရ။

၂၄။ မည်သူမျှ တိုင်းရင်းသားလူမျိုးများအချင်းချင်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်း တစ်မျိုးမျိုးကို ဖြစ်ပေါ်စေရန် ရည်ရွယ်သော သို့မဟုတ် ပေါ်ပေါက်လာရန် အကြောင်းရှိသော အပြုအမူများကို မပြုလုပ်ရ။

## အခန်း (၈)
## ပြစ်ဒဏ်များ

၂၅။ မည်သူမဆို ပုဒ်မ ၂၂ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ ကာဒါ;ကူမှာ်;အဆေလူတ် ပ္လပ္လေ;၂၃ ပါင်ပိုန်ဒံန်ပိုန်ခြဲဒီန် ငဲဂုမ် ကိုန်ဒါ;လူတ်ညှို; ပ္လအပျေတ်ထာင်ဟာင်ညာရိုည် ဒီန် ကူယိုဝ် အပျေတ်ဒီန် တာမ်ထံင် ကာလှိုဝ်ဆဲ;အူဆန်မ် မိုဝ်;အူနဲ၊ တာမ် ရိုန် ကာလှိုဝ်ဆဲ;အူဆဲန်ဘျာ မိုဝ်;အူနဲ၊ တာမ် အာရ်နဲကိုရ်ပိုမ် မိုဝ်;အူနဲ ဘိုပ်ပ္လတာမ်လူတ်ညာရိုည်ဒီန်။

၂၇။ ကာဒါ;ကူမှာ်; အဆေလူတ် ပ္လပ္လေ;၂၄ ပါငပိုန်ဒံန်ပိုန်ခြဲ ဒီန်ငဲဂုမ် ကိုန်ဒါ;လူတ်ညှို; ပ္လအပျေတ် ထာင်ဟာင်ညာရိုည်ဒီန် ကူယိုဝ် အပျေတ်ဒီန် တာမ်ထံင် ကာလှိုဝ်ဆဲ;အာရ်ဆန်မ် မိုဝ်;အူနဲ၊ တာမ်ရိုန် ကာလှိုဝ်ဆဲ;အာရ်ဆဲန်ဘျာ မိုဝ်;အူနဲ၊ တာမ်အာရ်နဲ ကိုရ်ပိုမ် မိုဝ်;အူနဲ ဘိုပ်ပ္လတာမ်လူတ်ညာ ရိုည်ဒီန်။

## ခါန်(၉)
## ကဏ္ဍာတွံန်နဲ

၂၈။ တိုင်ကိုင်ကုင်ကိုရ်ပိုမ်ဒီန် တကိုရ်စကိုရ်မိုန် လွှံတ်ဒေါ ကုင်ကိုရ် ပိုမ် မိုဝ်;ဟွည်,၊ တကိုရ်စကိုရ်မိုန် လွှံတ်ဒေါကုင်ရူ ကိုန်ကာမိုဝ်; လွှံတ်ဒေါမျိုခြိုဝ် မိုဝ်;ဟွည်, အိုန်အီကိုရ် ဆင် ဓောမ် ကုင်ရူ ကိုန် ကာမိုဝ်; ဓောမ်ဘီကုင်ဘီရူဂဲ အိုန်အီအရေ ဒါင်ရိုည်လောင်ခြိုဝ် ကွံန်တိုင်ကုင်ဂဲဒီန် ဓောမ်ခါဝ်ရိုည်မိုဝ်; ရိုည် ပဲန် ဘိုပ်တာင်ပျဒဲ;။

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## **အခန်း (၉)**
## **အထွေထွေ**

၂၈။ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ နိုင်ငံတော် သို့မဟုတ် အများပြည်သူတို့နှင့် သက်ဆိုင်သည့် အရေးကြီးသော တိုင်းရင်းသားလူမျိုးများဆိုင်ရာအခြေအနေကို အခါအားလျော်စွာ တင်ပြရမည်။

၂၉။ တီုင်ကိုင်ကုင်ကု်ရ်ပိုမ်ဒီန် အီယူိဝ်အူန်ပ္လွေ့; ၉ ယာမ်ရူ်ရ် ညာနဲ့ ဂါရ် ပု်န်ဘူိန်ရူ်ရ် ဒီန် ကု်န်ဟျံတ်ဒေလို ဘူိန်ကု်ရ် ကာ;အာပ် ဒဲ; တတီုင် ကိုင်ဒေသအူိုင်ဒါင် ကု်န်ကာမူိဝ; ကပိီန်ကုင် အဆေ အု်န် အဆေဒီန်။

၃၀။ ဌာနတီုင်ကိုင်ဒီန် ဒဘု်ပ်ရူ်ရ်ဒဲ;ကာန်လူမ်ဂဲ ဘု်ပ်ခါမ်ဒိုည်, စရိ ပု်န်ဒိုည်, ကောမတီဂါရ် ဖုင်ကာန်ငါန်ဂဲ ပု်န်တုပြူိဝ်; ဖြေင် ဓောမ် ဥပဒေအီုဝ။

၃၁။ အီယူိဝအူန်တဥပဒေအီုဝ ခူိည်လူတ်အပျေတ်ဒီန် ပ္လအု်န်ပဲန် အမှု ပု်န်ဘူိန်ဘာ ပလိဂဲ။

၃၂။ ဖုင်အစိုယဘြောင်ဒေသအူိုင်ဒါင် ကု်န်ကာမူိဝ်; ဖုင်အစိုယ ဘြောင် ကပိီန်ကုင်ဒီန် ပု်န်ယူိဝ်အူန်တဥပဒေအီုဝ် ပူန်ရူ်ရ်ညာ လောင် ကိစ္စ ကွံန်တီုင်ကုင်ဂဲအူနဲအူနဲ ဖုင်အစိုယဘြောင်ဆာင် ဘု်ပ်အာပ် ဒဲ;တီုင်ကိုင်ခြူိဝ်ကွံန်တီုင်ကုင် အဆေအု်န် အဆေဒီန်။ တဒေသ အူိုင်ဒါင် ကု်န်ကာမူိဝ်; တကပိီန်ကုင်ဂဲဒီန် ကု်န်ကာ ယူိဝ်မေန်တီုင်ကိုင်ခြူိဝ် ကွံန်တီုင်ကုင် မူိဝ်;တီုင်ကိုင် ပု်န်အာပ်ဒဲ;နဲ့ တီုင် ကိုင်ချူဒေသအူိုင်ဒါင် ကု်န်ကာမူိဝ်; တီုင်ကိုင် ချူကပိီန်ကုင်အဆေ အု်န် အဆေဒီန် ဘု်ပ်ရူ်ရ်လာ်;။

၃၃။ ယာမ်စွည်တရာရလူတ် အပျေတ်အူနဲအူနဲအီယူိဝ်အူန် တဥပဒေ အီုဝ်လိုတူိဝ်;အူန်ဇဝ်ပဲတ် ငဲပ္လေ့;ဒဲ;ဌာနတီုင်ကိုင်။

၂၉။ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၉ ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအား တာဝန်ခွဲဝေအပ်နှင်းခြင်း ပြုနိုင်သည်။

၃၀။ ဝန်ကြီးဌာနသည် ဤဥပဒေအရ ဖွဲ့စည်းသော ကော်မတီနှင့်လုပ်ငန်းအဖွဲ့များ၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၃၁။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ တိုင်းရင်းသားရေးရာ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် မိမိတို့အစိုးရအဖွဲ့၏ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအား တာဝန်ပေးအပ် ဆောင်ရွက်စေရမည်။ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးမရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးအပ်သည့် ဝန်ကြီးအား ဆောင်ရွက်စေရမည်။

၃၃။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၃၄။ ယာမ်ရှ်ရှ်ညာ အီယှိဝအူန် ပ်ုန်ပ္လ်ပ္လေ့ဂဲ တဥပဒေအီဝ –

(က) ဌာနတီုင်ကိုင်ဒီန် ဥပဒေပိုဝ်; (နည်းဥပဒေ)၊ ထုင်ဘာ (စည်းမျဥ်း)၊ ခေါပ်ပြ်ါ(စည်းကမ်း) ရှိုည်ဂဲဒီန် ဘိုန်ထုလေ့ရဖြောမ်ရာ့ဒါ့ရှုမ် ဖုင်အစိုယဘြောင်ဆာင် ကုင်ကဲ့ရ်ပိုမ်။

(ခ) ဌာနတီုင်ကိုင်ဒီန် ဘိုန်ထုလေ့ အမိင်ကြော်;ညာရ်၊ အမိင်၊ ငဲယိုဝ်ရှ်ရ်၊ ဒေင်ရှ်ရ်ထုင်ရှ်ရ်ဂဲ။

(ဂ) ဖုင်အစိုယဘြောင်ဆာင် ဒေသအိူင်ဒါင် ကဲ့န ကာ မှိုဝ်; ကပိုန်ကုင်ဒီန် ဘိုန်ထုလေ့ အမိင်ကြော်; ညာရ်၊ အမိင်၊ ငဲယိုဝ်ရှ်ရ်၊ ဒေင်ရှ်ရ်ထုင်ရှ်ရ်ဂဲ။

(ဃ) ဌာနတီုင်ကိုင် ဒေသအိူင်ဒါင် ကဲ့န်ကာမှိုဝ်; ကပိုန်ကုင်ဒီန် ဘိုန်ထုလေ့ အမိင်ကြော်;ညာရ်၊ အမိင်၊ ငဲယိုဝ်ရှ်ရ်ဂါရ် ဒေင်ရှ်ရ်ထုင်ရှ်ရ် ဂဲ ရဖြောမ်ရာ့ဒါ့ရှုမ် ဖုင်အစိုယ ဘြောင်ဆာင် ဒေသအိူင်ဒါင် ကဲ့န်ကာမှိုဝ်; ကပိုန်ကုင် အဆေ အုန်အဆေဒီန်။

အောတဲမ်စံပ်ရောည်တီအောဖြေင်ဓောမ်ဥပဒေတီုင်ရျှရ်; တုပြုိဝ်; ကုင်ကဲ့ရ်ပိုမ်သမ္မတမျုံန်မာန်ငါန်ဒေါ။

(ရာင်) သေင်ဆောင်

သမ္မတ

ကုင်ကဲ့ရ်ပိုမ်သမ္မတမျုံန်မာန်ငါန်ဒေါ

၃၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်